ကဗျာများ
ဆာဘီးယား–အင်္ဂလိပ်–မြန်မာ

# ငါ့ကို မင်းရဲ့ ကြင်နာခြင်းထဲမှာ ရှာပါ

**Nenad Vučković**၊ ဖြိုးဖြိုး

ခရမ်းပြာစာပေ

**mobile - 09 50 64531**
**09 420 748627; 067 22838**
**mail - suusuunyi@gmail.com**

ပုံနှိပ်မှတ်တမ်း

**ငါ့ကို မင်းရဲ့ ကြင်နာခြင်းထဲမှာ ရှာပါ**
**Nenad Vučković ၊ ဖြိုးဖြိုး**

**ပထမအကြိမ် - ၂၀၁၆ ခုနှစ်၊ မတ်**

**အုပ်ရေ- ၅၀၀**

**မျက်နှာဖုံးပန်းချီ-** Artist Nenad Vučković

မျက်နှာဖုံးနှင့် အတွင်းဖွဲ့စည်းမှု- စိုးမင်းအောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်- နန်းသဇင် (၀၀၄၄၁)
အမှတ် ၁၉၄၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ- ဦးစိုးမင်းအောင် (၀၀၁၈၇)
ချန့်ချန်စာပေ
အမှတ် ၂၇၊ ပထမထပ်၊ ၁၇ လမ်း၊
လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉၄၃၀၆၄၃၁၉

**တန်ဖိုး - ၂၀၀၀ ကျပ်**

**Nenad Vučković ၊ ဖြိုးဖြိုး**
ငါ့ကို မင်းရဲ့ ကြင်နာခြင်းထဲမှာ ရှာပါ
ချန့်ချန်စာပေ၊ ၂၀၁၆။
စာ- ၈၈၊ ၁၃.၃၃၅ စင်တီ×၂၀.၉၅၅ စင်တီ။
(၁) ငါ့ကို မင်းရဲ့ ကြင်နာခြင်းထဲမှာ ရှာပါ

# Contents


| | |
|---|---|
| Poem reading - Introduction | 9 |
| ОЖЉЦИ ПРОШЛОСТИ, Добрица Камперелић | 11 |
| ПОЗИТИВАН ПОГЛЕД НА ЖИВОТ, Добрица Камперелић | 12 |
| Тајно друштво живих, Драгољуб Јовичић | 13 |
| ЗУМИРАЊЕ, Петар Шумски | 15 |
| ВЕЧЕРАС, Петар Шумски | 16 |
| ПОСТОЈАЊЕ, Петар Шумски | 17 |
| А К О..., Петар Шумски | 18 |
| ПО Л Е Т И !, Петар Шумски | 19 |
| ПРОНАЂИ МЕ У СВОЈОЈ ДОБРОТИ, Петар Шумски | 20 |
| Ако Јеси, Весна Бааиј | 22 |
| Ватромет од звезда, Весна Бааиј | 23 |
| Руке од Седефа, Весна Бааиј | 24 |
| Лахор, Весна Бааиј | 25 |
| Клатно на сату времена, Весна Бааиј | 26 |
| Вино нектара, Весна Бааиј | 27 |
| Хаику, Гордана Петковић | 28 |
| Развој, Милан Живковић | 29 |
| Трагови креде уза зид, Милан Живковић | 30 |
| Хаику, Тамара Лујак | 31 |
| Хаику, Вид Вукасовић | 32 |
| Хаику, Соња Младеновић | 33 |

# Contents



| | |
|---|---|
| စိတ်ကူးတွေကို တောင်ပံတပ်တဲ့အခါ<br>ဆာဘီးယန်းမြန်မာကဗျာတွေ လေမှာ လူးလွန့်ပျံသန်းလာ··· | 35 |
| SCARS of the PAST, Dobrica Kamperelić | 37 |
| POSITIVE view ON LIFE, Dobrica Kamperelić | 38 |
| The secret society of living (ones), Dragoljub Jovičić | 39 |
| ZOOMING, Petar Šumski | 41 |
| TONIGHT, Petar Šumski | 42 |
| EXISTENCE, Petar Šumski | 43 |
| IF..., Petar Šumski | 44 |
| Take off!, Petar Šumski | 45 |
| Find me in your own goodness, Petar Šumski | 46 |
| Fireworks of the stars, Vesna Baaij | 48 |
| Hands of Nacre, Vesna Baaij | 49 |
| Breeze, Vesna Baaij | 50 |
| Pendulum of time, Vesna Baaij | 51 |
| Nectar wine, Vesna Baaij | 52 |
| Haiku, Gordana Petković | 53 |
| EVOLVING, Milan Živković | 55 |
| THE MARKS OF CHALK UP THE WALL, Milan Živković | 56 |
| Haiku, Tamara Lujak | 57 |
| Haiku, Vid Vukasović | 58 |
| Haiku, Sonja Mladenović | 59 |

# မာတိကာ


ကျေးဇူးစကား ၆၁
အတိတ်ရဲ့ အမာရွတ်တွေ ၆၃
ဘဝအပေါ် အကောင်းမြင်တာ ၆၄
သက်ရှိတွေရဲ့ လျှို့ဝှက်လူ့အဖွဲ့အစည်း ၆၅
အကျယ်ချဲ့ခြင်း ၆၇
ဒီည ၆၈
ရပ်တည်မှု ၆၉
တကယ်လို့များ ၇၀
ပျံသန်းလိုက် ၇၁
ငါ့ကို မင်းရဲ့ ကြင်နာခြင်းထဲမှာ ရှာပါ ၇၂
ရှင်ဆိုရင် ၇၄
ကြယ်စင်တွေရဲ့ မီးပန်းတွေ ၇၅
ကနုကမာလက်တွေ ၇၆
လေညင်းလေး ၇၇
အချိန်ဆိုတဲ့ နာရီချိန်သီး ၇၈
ဝတ်ရည်ဝိုင် ၇၉
ဟိုက္ကူ ၈၀
တိုးတက်မှုအဆင့်ဆင့် ၈၂
နံရံပေါ်က မြေဖြူအမှတ်အသားတွေ ၈၃
ဟိုက္ကူ ၈၄
ဟိုက္ကူ ၈၅
ဟိုက္ကူ ၈၆

# Poetry reading In Myanmar












# Poetry Reading - Introduction

This is the project Myanmar Serbia Cultural Bridge that started in Beograd, Serbia in October 2015. Our mission is to organize cultural events in Myanmar and Serbia and present art (poetry, literature, visual arts, music, spirituality etc.,) to each other. Our aim is to introduce and present both countries in the best way to each other. Presenting Serbia to you we decided not to do it in geographical, tourist or not even in political facts. We have opinion that there is more direct and more efficient way to do it. It is by presenting art, spirituality and wisdom of each other. Spirituality, art wisdom and are the attributes of the soul. Art is beauty of the soul, spirituality is blood of the soul, and wisdom is vision of the soul. If through them you meet soul of our country we gain our goal. By this way we want in limited time and space to gain boundless and precious qualities like appreciation, comprehension, friendship, brotherhood and unity. And this is for certain what God want us to do on Earth – to establish brotherhood of men. As poet Suu Mie Aung said in the poem "Cyclone (လိုနေသေးတဲ့ ကမ္ဘာ)" that was read on our first event in Belgrade: "What we need is sincerity running in stampedo". So let's use our opportunity in the best way.

**Nenad Vučković**

Добрица Камперелић

# ОЖЉЦИ ПРОШЛОСТИ

Анима Балканика и још више
душа Србије
независна и оригинална
компанија Нових Идеја
и нови момент истине
најневероватније планетарно чудо
телепатска музика и конкретна поезија
WESTEAST и СИГНАЛИЗАМ заправо
фатална вртешка заводљива а кобна
за многе сањалице и песнике
њиховим тешким искуствима
под владавином
диктатора осећајности
који причају о Еси а не
о Менси и Махатмиу
И најзад у богатом врту чудеса
само изданци прошлости расту
али драге сањалице моје
драги моји песници
будте спремни стижем и ја!

Добрица Камперелић

# ПОЗИТИВАН ПОГЛЕД НА ЖИВОТ

позитиван поглед на живот
неограничена понуда и потражња
у општој трци за новим потрошачима
информатичка хиперинфлација
само да је још пара биће и ћара
а биће и нових потрошача
у текућој животној збиљи
у којој је општа фрка и трка
али и опуштеност и опустошеност
на весеље нових кибицера
колективни рад и индивидуални ћар
а да би сте разумели овај дар-мар
препоручујемо позорницу Серегенти
и неуморне ловце и жртве и посматраче
сведоке и актере рађања и умирања
неуморних тркача и фаталних ловаца

Драгољуб Јовичић

# Тајно друштво живих

Зенфоризми

Ми желимо да будемо
али нисмо.

Људи мрзе друге
не би ли сакрили да мрзе себе.

Да ли уживате (у томе) што постојите?

Ето, умрли
а нису се ни родили.

Да ли се у себи осећате код код куће?

Живети значи смети.

Престали смо да се играмо и ...
Почели да се уважавамо.
Сад смо јаке личности.

Ми и не знамо
колико не треба да знамо.

Нећу да мислим о смрти,
нек она мисли о мени.

Грешке у комуникацији:
Ја мислим да ти мислиш
да он мисли, да си ти мислио
као ехо међу нама.

Култура се јавља као мажореткиња
у паузама између ратова.

У сваком од нас закопано благо
Колико смо га пронашли у себи,
У другима?
Пратећи мапу љубави.

Петар Шумски

# ЗУМИРАЊЕ

У Свемиру - галаксија
У галаксији - звезда
Око звезде – планета
На планети - океан
У океану – копно
На копну - планина
На планини - шума
У шуми - језеро
На језеру - острво
На острву - птица
У птици - срце
У срцу – Љубав...
П о л е т е ћ е!

Петар Шумски

# ВЕЧЕРАС

Вечерас ми није важно како ћемо бити...
са Тобом је сваки начин прави -
важно је само да смо и ја и Ти
заједно у срцу, а не у глави.

Јер срећу промаше сви који је траже
јурећи за срећом изван овог што је -
богатство, талисмани – ту ништа не важе...
Срећа је у срцу – као што је Твоје.

И сутра увек може да чека
и сутра ће, опет, данас бити:
са обале гледајмо док протиче река
и будимо свега, сем љубави сити.

Вечерас ми није важно како ћемо бити...
са Тобом је сваки начин прави -
важно је само да смо и ја и Ти
заједно у срцу, а не у глави.

Петар Шумски

# ПОСТОЈАЊЕ

Постоји само једна Слобода:
Слобода од сваког страха.

Постоји само једна Радост:
Радост служења и предаје.

Постоји само једна Љубав:
Она која све прашта и прихвата.

Постоји само једна Истина:
Она која се може чути у Тишини.

Петар Шумски

## АКО...

Ако бих имао цркву
била би то Природа.
Ако бих имао жељу
била би то Слобода.
Ако бих имао радост
била би то Песма.
Ако бих имао Учење
била би то Љубав.
Ако бих имао Учитеља
била би то Празнина.
Ако бих имао молитву
била би то Тишина.

Петар Шумски

## ПОЛЕТИ!

Теби.
Затвори очи, пожели и полети...
Ти то можеш јер ти Небо даде крила
Само треба, снена да се сетиш
Да си некад, дете Неба била...
Окрени према Небу своје срце чисто
Не гледај у корен, блато испод листа...
Нека ништа не остане исто
Када душа твоја крилата заблиста!
Махни срцем у опроштај свима
Као птиче са ивице гнезда...
Испиши Небом, круг љубави крилима
И полети пут далеких звезда...

Петар Шумски

# ПРОНАЂИ МЕ У СВОЈОЈ ДОБРОТИ

Када мислиш да сам те напустио
у буци и метежу твога живота -
тад сети се: Ја те волим твојом Тишином...

Када мислиш да сам те оставио
у ропству твојих страсти, поседа, односа,
везаности и судбоносних догађаја –
тад сети се: Ја те волим твојом Слободом Избора...

Кад мислиш да сам те напустио
јер ти ускраћујем Вечне Истине -
тад сети се: Ја те волим Истином твога Живота.

Када тугујеш, јер мислиш да сам те заборавио
у тренутку твога највећег пада -
тад сети се: Ја те волим твојом Радошћу
и Снагом уздизања...

Када мислиш да сам те оставио
јер нема љубави у твом животу и срцима оних око тебе –
тад сети се: Ја те волим твојим Саосећањем
и твојом Љубављу за друге...

Када Ме проклињеш што сам те оставио
у вртлогу свеприсутног зла -
тад сети се: Ја те волим Добротом твога Срца...

Када мислиш да сам те напустио
при погледу на одраз свога лица у огледалу
и одраз света који те окружује -
тад сети се: ја те видим у Лепоти Твога Вечног Бића...

И када мислиш да сам напустио овај свет
да потоне у вртлогу похлепе и уништења,
када мислиш да Ме више нигде нема -
тад сети се да Ме потражиш тамо где Јесам:
у Тишини и Слободи
у Истини и Радости
у Снази и Лепоти
у Саосећању и Љубави
у Твојој Изворној Доброти...
Шта год од тога
пронађеш у Себи
знај: то сам Ја у Теби.

Весна Бааиј

## Ако Јеси

Питам те:
да ли се у ТВОЈЕ срце
изливају ЈАНГЦЕ И БРАМАПУТРА?

Питам те:
јеси ли ТВОРАЦ
палми кокоса
на Рајским острвима?

Питам те:
да ли се из ТВОГ длана
легу птићи
ружичастих фламингоса?

Питам те:
АКО – ЈЕСИ
Да ли ћес ме мирисом
рузмарина запахнути?

Весна Бааиј

## Вартомет од звезда

Има ли ТВОЈА љубав правила
или је вартомет од звезда
који кључа у грудима…

Има ли лице седефа
са најлепшим бисером неба…

Има ли право моје срце
да одкуцава лепетом
крила плавог лептира…

Весна Бааиј

# Руке од Седефа

У твојим рукама од седефа
моје се тело прелама…

Усне од јутарње росе
дотичу ми образе…

У Самсоновој абонос-коси
уткана је васељена…
И она ми пада око врата
чипка из СОЛОМОНОВОГ храма…

Небески простор ОЛТАРА
увија се у плашт тамјана
и струји ми дамарима…

Весна Бааиј

## Лахор

Заувек утапам тугу
у дубоко море ТВОЈИХ очију…

Из њих испловљавам
на љубавној лађи
носи ме лахор
ТВОГА погледа…

Весна Бааиј

## Клатно на сату времена

Допусти ми да  будем ТВОЈЕ клатно
на сату времена…
Допусти ми да постанем
дуга  ТВОГ погледа…

Допусти ми да изроним
као прва кап росе
на Т В О Ј И М уснама…

Весна Бааиј

## Вино нектара

НЕБОМ Се точи Вино нектара...
НОЋ Хрли у сусрет
Дану Боје седефа...
МОЈА љубав прелива
Пехар отворених обзорја...
СВЕСТ опијена чежњом
попут дуге наново израња...

Гордана Петковић

У ткању времена
Сусрет са собом
Препознајем лик

У зору
Делфини преносе
Кодове стварања

Звездана ноћ
Утиснута у камену
Друга обала

Људски истински лик
Ослобођен пропадања
Магла узмиче

Звездано окно
Записи предака
Ватрени змај

Ни из чега настаје
Дуга
Очи будне

Дијалог са чипком
У деблима тополе
Летња ноћ

Звезде израњају
Као живе искре
Празник хризантема

Кроз мећаву
Сва моја лица промичу

Милан Живковић

## Развој

Мислио сам да сам нико и ништа
Ко покушава да буде неко -
Сада знам да сам неко
Ко постаје све и свако!

Милан Живковић

# Трагови креде уза зид

Овом приликом ћу говорити
о ствари која је слабо позната;
прво, пример треба приказати:
Претпоставимо да сам добио парче креде,
и, рецимо, ја стојим пред зидом
(који је гладак и прилично висок).

И хајде да претпоставимо да желим да се попнем
на зид, а потом, да седим
на самом врху.
Трудим се да скочим високо од земље
да стигнем до врха и седнем - ако то не успем,
Ја употребим креду и ударим рецку.

И приземљим се, а ипак, рецка стоји
и означава досегнуту висину.
Да би стигао до врха морам да скочим више;
Опет се приземљим, па скочим опет ...
И свака нова рецка ће ме водити
путем напретка који ми је потребан.

Тамара Лујак

Сунчано јутро.
Кварим тишину
кијањем.

Бело ми добро
стоји, рече небо и
посу се звездама.

Стварање боли,
уздахну Суперова
и распрсну се.

На кров зграде
посадио се месец.
Дрема.

Стари храст
служи  ми на част.

Вид Вукасовић

На путоказу
Прву реч загонетке
Написало време

Змајевима
Творац обликује
Трон прве зоре

Пукотина
У струни времена
Звук рога

Прво јутро
Слећу
Бродови древних

Стоје обузети
Плесом виле свитања
- гласници зоре

Соња Младеновић

Мокро од зоре
сунце клизи низ лишће
И цветне мирисе.

На влати траве
одсјаји пужевог трага.
Сунце залази.

Беле латице
плове по плавом небу
- Мирно језеро.

Фестивал боја
- на пролећној ливади
лептири славе.

Изнад литице
облак врхом дотиче
усамљени бор.

Росу са лишћа
И пуно малих неба
поједе коза.

# Poetry reading In Myanmar











# စိတ်ကူးတွေကို တောင်ပံတပ်တဲ့အခါ ဆာဘီးယန်းမြန်မာကဗျာတွေ လေမှာ လူးလွန့်ပျံသန်းလာ....

ဆာဘီးယန်းလူမျိုး ပန်းချီဆရာ Nenad Vučković ရဲ့ My World လို့ အမည်ပေးထားတဲ့ သုံးရက်တာ တစ်ကိုယ်တော်ပန်းချီပြပွဲ ခင်းကျင်းဖို့ စိတ်ကူးကြတဲ့ အခါ ပန်းချီဆရာရဲ့ စိတ်ကူးအကြမ်းထည်ထဲ poetry reading ပါနေတာ တွေ့ရလို့ ကဗျာချစ်တဲ့ ကျွန်မ အံ့သြပျော်ရွှင်မိတယ်။ ပန်းချီဆရာက သူနှစ်သက်တဲ့ ဆာဘီးယန်းကဗျာတွေ အပုံအပင်ရှိတဲ့ကြားက ကဗျာတချို့ကို သူကိုယ်တိုင် အင်္ဂလိပ်လိုဘာသာပြန်ပေးပြီး ကျွန်မရဲ့ ညီမ ဖြိုးဖြိုးက မြန်မာလို ပြန်လိုက်တယ်။ ပန်းချီဆရာက အဲဒီကဗျာတွေကို ဆာဘီးယန်းဘာသာစကားနဲ့ သူရွတ်မယ်တဲ့။ မြန်မာကဗျာသမားတွေကို မြန်မာလို ရွတ်ပေးဖို့ ဖိတ်ခေါ်ပေးပါတဲ့။ ဒီလိုနဲ့ ဆာဘီးယား-မြန်မာ ကဗျာစကားလုံးလေးတွေ အပြန်အလှန်ရွတ်ဆိုတဲ့ poetry reading စိတ်ကူးလေး ပုံဖော်ခွင့်ရတယ်။ ပန်းချီဆရာပီပီ installation, performance စတဲ့ ဆက်နွယ်အနုပညာတွေသာမက ကဗျာစာပေတွေကိုပါ အထူးချစ်မက်တဲ့ ပန်းချီဆရာ Nenadရဲ့ စိတ်ကူးစိတ်သန်းက သိပ်လှခဲ့လို့ ကျွန်မမှာ ရှိတဲ့ အတောင်ပံသေးသေးလေးတစ်စုံနဲ့ အရှိန်မြှင့်ကာ ထပ်ပြီး ပျံသန်းပေးလိုက်တယ်။ စိတ်ကူးတစ်ခုနောက်တစ်ခု လိုက်ပါ မျောလွင့်ရင်း အမှတ်တရကဗျာစာအုပ်ပါ လုပ်ဖြစ်သွားတယ်။ ရုတ်တရက်ပေါ်လာတဲ့ စိတ်ကူးစိတ်သန်းလေးတွေကို အချိန်ခဏလေးအတွင်းမှာ တောင်ပံတပ် ပျံသန်းရတဲ့အခါ အားနည်းချက်တွေ ရှိမှာပါ။ ဘာပဲဖြစ်ဖြစ် ဘာသာစကားကွဲပြားခြားနားနေတဲ့ကြားက ကျွန်မတို့အားလုံး အတူတကွ နှလုံးသားချင်း ချိတ်ဆက်ပြီး ပျံသန်းနိုင်ခဲ့ကြလို့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ပန်းချီဆရာ Nenad ရဲ့ My World solo exhibition ဖွင့်ပွဲနေ့က အားလုံးပါဝင်တဲ့ 100 Words performance အပြီး poetry reading လုပ်ရာမှာ စိတ်ဝင်တစား လာရောက် နားထောင် ရွတ်ဆိုခဲ့ကြတဲ့ ကဗျာ အနုပညာချစ်သူ မိတ်ဆွေအားလုံးကို တကယ်ပဲ ကျေးဇူးတင်ပါတယ်။

**စုမီအောင်**

Dobrica Kamperelić

## SCARS of the PAST

Anima Balcanica and even more
Serbian soul
independent  and original
Company of  New Ideas
a new moment of truth
Planetary most amazing miracle
Telepathic Music and concrete poetry
WESTEAST and SIGNALIZAM actually
merry-go-round a seductive but calamitous
or many dreamers and poets
with their harsh experiences
under the rule of
dictators of sensitivity
who talk about ESA and not
about MENSA and Mahatma
And finally in the garden rich with wonders
only sprouts of past are growing
but my dear dreamers
and my dear poets
be ready I'm coming too!

Dobrica Kamperelić

## POSITIVE view ON LIFE

Positive view on life
unlimited supply and demand
in general race for new customers
IT hyperinflation
To have more money, to get higher profit
and there will be new consumers
in the current life reality
there is general fuss and race
but also lethargy and desolation
for the joy of new spectators
collective work and individual income,
to understand this hubble-bubble
we recommend stage Seregenti
and tireless hunters, victims and observers
witnesses and actors of birth and death
tireless runners and fatal hunters

Dragoljub Jovičić

# The secret society of living (ones)

Zen aphorisms

We want to be
but we are not

People hate the orders
just to hide that they hate themselves

Do you enjoy your being?

There, they've died
but still not be borned

Do you feel in yourself like at home?

To live means to dare

We quit playing and...
We star to appreciated us
Now we are strong personalities

We don't know how much
We don't have to know

I don't want to think about death
Let it think about me

Errors in communication
I think that you are thinking
That he's thinking, that you were thinking
Like an echo between us

A culture is appearing like a cheerleader
in the pausing between wars

In each of as there is berried treasure
How much of it we found in ourselves,
In others?
Following the map of love

Petar Šumski

## ZOOMING

In the Kosmos – galaxy
In the galaxy – star
’Round the star – planet
On the planet – ocean
In the ocean – land
On the land – mountain
On the mountain – forest
In the forest – lake
On the lake – island
On the island – bird
In the bird – heart
In the heart – Love...
I t  w i l l  t a k e  o f !

Petar Šumski

## TONIGHT

Tonight I do not care how it will be ...
with You every way is best -
it is only important that both I and Thou
are together in the heart, not in the head.
Happiness miss all who seek for it
rushing for happiness out from what it is -
Wealth, talismans - there's nothing you can apply...
Happiness is in the heart - such as yours.
Tomorrow always can wait
and tomorrow will be again, today:
from the coast we watch river flowing by
lets be satiated from anything but love
Tonight I do not care how it will be ...
with You every way is best -
it is only important that both I and Thou
are together in the heart, not in the head.

Petar Šumski

# EXISTENCE

There’s only one freedom:
Freedom of every fear.
There’s only one Joy:
Joy of serving and surrender.
There’s only one Love:
The one that forgive and accept everything.
There’s only one Truth:
The one that can be heard in the Silence.

Petar Šumski

# IF ...

If I had a church
it would be Nature.
If I had a wish
it would be Freedom.
If I had the joy
it would be a Song.
If I had Knowlege
it would be Love.
If I have Master
it would be Emptynes.
If I had a prayer
it would be Silence.

Petar Šumski

# Take off!

To You.
Close your eyes, make a wish and take of ...
You can do it because Heaven gave you wings
Only you, sleapy one, need to remember
That you were the child of the Heaven ...
Turn your pure heart to Heaven
Do not look at the root, the mud below the leaf ...
Let nothing stays the same
When your soul winged shine!
Wave your heart to say goodbye to everyone
As a little bird from the edge of the nest ...
With your wings in Heaven write a circle of love
and take of to a distant stars ...

Petar Šumski

## Find me in your own goodness

When you think that I left you
in the noise and confusion of your life -
Then remember: I love  you with your silence ...

When you think I left you
In slavery of your passions, possessions, relationships,
attachments and fateful events -
Then remember: I love  you with the Freedom of your Choice ...

When you think I left you
because I deprive you from Eternal Truths -
Then remember: I love you with the Truth of your Life.

When you grieve because you think I forgot you
at the time of your biggest downfall -
Then remember: I love you by your Joy
and the Power of elevating ...

When do you think I left you
because there is no love in your life and in the hearts of those around you -
Then remember: I love you by your Sympathy
and Your love for others ...

When you curse Me why i leftyou
in the maelstrom of ubiquitous evil -
Then remember: I love you by the Goodness of your Heart ...

When you think I left you
when you look the reflection of your own face in the mirror
and a reflection of the world that surrounds you -
Then remember: I see you in the Beauty of Your Eternal Being ...

And when you think that i abandon this world
that it drowne in the whirlpool of greed and destruction,
When you think that I am nowhere-
Then remember you seek Me where I am:
in Silence and Freedom
the Truth and Joy
u Strength and Beauty
u Compassion and Love
In Your seminal Goodness ...
Whichever
you find in yourself
behold, that is Me in You.

Vesna Baaij

## Fireworks of the stars

Does your love have regulations
or it is fireworks of the stars
boiling in my chest ...

Does it have face of nacre
with the most beautiful pearl of the sky...

Is there a right of my heart
to beat by flapping of
blue butterfly wings...

Vesna Baaij

## Hands of Nacre

In your nacre hands
my body breaks ...

The lips of the morning dew
touch my cheeks ...

Into the Samson's ebony-hair
universe is  woven...
She leaps around my neck
lace from Solomon's Temple ...

Heavenly space ALTAR
twists in the mantle of incense
and flows in my heartbeat...

Vesna Baaij

## Breeze

Forever  I am drowning my sorrows
in the deep sea of Your eyes ...

From them I sail out
on a love boat,
the breeze of Your view
carries me...

Vesna Baaij

## Pendulum of time

Let me be YOUR pendulum
on the clock of time...
Allow me to become
rainbow of your view...

Allow me to ascend
as the first drop of dew
on your lips ...

Vesna Baaij

## Nectar wine

Wine nectar is poured over the Sky ...
NIGHT rushing to meet
Nacre colours Day...
MY love overflow
Chalice of open horizons ...
Consciousness intoxicated by longing
like a rainbow re-emerges ...

Gordana Petković

In the fabric of time
Encounter with the self
I recognize the figure

Codes of creation
At the dawn
dolphins convey
the codes of creation

Starry night
Imprinted in stone
The other shore

Human real image
Free of decay
The fog withdraws

Starry pane
Messages of ancestors
Fire dragon

Out of nothing
Rainbow appear
Eyes watchful

Dialog with lace
The trunks of poplar
Sumer night

Stars emerge
Like living sparks
Festival of
Chrysntemium

All my faces
Push through
The snowstorm

Milan Živković

# EVOLVING

I thought I was a nobody
trying to be somebody –
now I know I'm somebody
turning into all and everybody!

Milan Živković

## THE MARKS OF CHALK UP THE WALL

On this occasion I will talk
about a thing that's poorly known;
first, an example should be shown:
suppose I've got a piece of chalk,
and, say, I'm standing by a wall
(the one that's smooth and rather tall).

And let's suppose I want to mount
the wall, and having done it, sit
upon the very top of it.
I try to jump high off the ground
to reach the top and sit – if not,
I use the chalk and mark the spot.

I ground, and yet, the spot remains
and marks the height I've reached before.
To reach the top I must jump more;
I'll ground again, then jump again…
And every mark I make will lead
towards the progress that I need.

Tamara Lujak

Morning sun
I’m spoiling the silence
by sneezing.

White looks good on me,
said the Sky and speckled
itself with stars.

Creation hurts,
said the Supernova
and exploded.

On the roof top
sits the Moon.
It dreams.

Antient oak tree
it is my honour

Vid Vukasović

On the road sign
The first word of a puzzle
Is written by time

The creator shapes
The throne of the first down
To dragons

A fissure
In the string of time
The sound of a horn

The first morning
Ships of ancients
Are landing

They stay seized with
The dance of the daybreak nymph
- messengers of dawn

Sonja Mladenović

Wet of the dawn
the sun slides through leaves
and flower fragrances.

On the blade of grass
snail's trail reflect.
The setting sun.

White petals
  sailing in the blue sky
-a peaceful lake.

In the spring meadow
a festival of colors
- butterflies celebrate.

Expossed cliff -
the lone pine holds
a cloud.

A dew from the leaves
and many  little sky
goat has eaten.

# Poetry reading In Myanmar











# ကျေးဇူးစကား

အနုပညာဖလှယ်မှုတစ်ခုဖြစ်တဲ့ ဆာဘီးယန်းကဗျာတွေကို မြန်မာလို ဘာသာပြန်ဖြစ်တော့ မတူတဲ့ နေရာဒေသတစ်ခုက ဆာဘီးယန်းတွေရဲ့ အတွေးအခေါ်၊ အယူအဆလေးတွေ ကဗျာတွေထဲမှာ အနည်းအကျဉ်းသိလိုက်ရတာ စိတ်ဝင်စားစရာပါ။ ဆာဘီးယန်းဘာသာစကားကနေ အင်္ဂလိပ်လို၊ တစ်ခါ အင်္ဂလိပ်လိုကမှ မြန်မာလို ဘာသာပြန်ခဲ့ရတာကြောင့် စကားအသုံးအနှုန်းလေးတွေ မူရင်းနဲ့ ထပ်တူမကျတာ ရှိနိုင်မှာပါ။ ကြိုးစားပြီး ဆီလျော်အောင် ဘာသာပြန်ဖြစ်ခဲ့ပါတယ်။

အနုပညာဆန်ဆန် ရေးဖွဲ့ထားတဲ့ ကဗျာတွေကို ဖတ်ကြည့်ပြီး နေရာစိမ်းတစ်ခုက အနုပညာကို မြည်းစမ်းခွင့်ရတာ နှစ်သက်ကြည်နူးစရာ တစ်ခုလို့ ခံစားမိပါတယ်။ ဆာဘီးယန်းကဗျာတွေ မြန်မာလို စကားလုံးဖလှယ်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ၂၂. ၂. ၂၀၁၆ ရက် နေ့က River Ayeyarwaddy Gallery မှာ ပြုလုပ်ခဲ့တဲ့ My World ပန်းချီပြပွဲဖွင့်ပွဲနေ့မှာ ကဗျာရွတ်ဆိုပေးခဲ့ကြတဲ့ အနုပညာချစ်သူတွေအားလုံးကိုလည်း ကျေးဇူးအများကြီးတင်မိပါတယ်။

**ဖြိုးဖြိုး**



# အတိတ်ရဲ့ အမာရွတ်တွေ

ဘဲလ်ကန်စိတ်ထားနဲ့ ဆားဘီးယန်းတွေရဲ့ စိတ်ဝိညာဉ်
လွတ်လပ်တယ် ပြီးတော့ အရင်းအတိုင်းပဲ
အယူအဆသစ်တွေနဲ့လည်း အပေါင်းအသင်းဖြစ်တာပဲ။
အမှန်အတရားရဲ့ လက်တစ်ဖျစ်အသစ် တဒင်္ဂမှာ
အံ့အားသင့်စရာ အကောင်းဆုံး အံ့ဖွယ်သရဲ ဒီဂျစ်ဂျဟ်ကမ္ဘာခေတ်ထဲ ရောက်ပြီ
တယ်လီပလီဂီတနဲ့ ခိုင်လုံလှတဲ့ ကဗျာလင်္ကာ
တကယ့်ကို WESTEAST and SIGNALIZAM ပါ။
ချားရဟတ်တစ်ခုဝဲလည်လှည့်လိုက် ညှို့ယူဖမ်းစားမှုတစ်ခုဆီ ဒါပေမဲ့
ကံဆိုးမိုးမှောင်ကျကုန်ပြီ။
IQ မြင့်အဖွဲ့အစည်း MENSA တို့အကြောင်း၊ မဟတ္တမတို့အကြောင်း မပြောကြ
ဥရောပအာကာသစခန်း ESAအကြောင်းပဲ ပြောပြောနေကြတဲ့
ဆတ်ဆတ်ထိမခံ အာဏာရှင်တွေရဲ့ စည်းမျဉ်းအောက်မှာ အိပ်မက်မက်ကြသူ
ကဗျာဆရာတွေအများကြီးပဲ
စူးရဲကြမ်းတမ်းတဲ့ သူတို့ရဲ့ ကိုယ်တွေ့တွေ ပွေ့ပိုက်လို့။
နောက်ဆုံးတော့ ရင်သပ်ရှုမောဖွယ်ရာတွေ စိုပြည်ဆန်းစုံလှတဲ့ ပန်းဥယျာဉ်ထဲမှာ
အတိတ်ရဲ့ အစို့အညှောက်တွေသာ တိုးတိုး ပေါက်ပေါက်လာနေရော။
ဒါပေမဲ့ကွယ်
ငါ့ရဲ့ ချစ်လှစွာသော အိပ်မက်မက်သူကြီးတို့ရေ
ငါ့ရဲ့ချစ်လှစွာသော ကဗျာဆရာတို့ရေ
အသင့်ပြင်ထားကြပါလေ
ဘယ်လိုပဲဖြစ်ဖြစ် ငါလည်း တိုးတိုး လျှောက်လျှောက် လာနေပြီကော။

**by Dobrica Kamperelić**

# ဘဝအပေါ် အကောင်းမြင်တာ

ဘဝအပေါ် အကောင်းမြင်တယ်ဆိုတာလေး
Customerအသစ်တွေအတွက် ထွေရာလေးပါးပြိုင်ပွဲထဲမှာ
အကန့်အသတ်မရှိတဲ့ ဖြည့်စွမ်းထောက်ပံ့ခြင်းနဲ့ တောင်းဆိုခြင်းတွေ
ခေါင်ခိုက်နေတဲ့ IT ဈေးနှုန်းတွေ
ပိုက်ဆံတွေ ပိုပိုပြီး ရလာဖို့၊ အကျိုးအမြတ်တွေ ပိုပိုပြီး မြင့်မားလာဖို့
ပြီးတော့ အဲဒီလက်ရှိ နဖူးတွေ့ဒူးတွေ့ဘဝထဲမှာ စားသုံးသူအသစ်တွေ ရှိတယ်။
အဲဒီမှာ ထွေရာလေးပါး ဇာချဲ့ခြင်းတွေနဲ့ ပြိုင်ပြိုင်ဆိုင်ဆိုင်ပွဲတွေ ရှိတယ်။
ဒါပေမဲ့ ထိုင်းမှိုင်းလေးကန်ပြီး ညှိုးညှိုးငယ်ငယ် အထီးကျန်နေကြတယ်။
ပွဲကြည့်သူအသစ်တွေရဲ့ ပျော်ရွှင်မှုအရသာအတွက်
စုပေါင်းအလုပ်လုပ်ကြ၊ တစ်ဦးချင်း ဝင်ငွေရကြ
အဲဒီပွက်လောရိုက်သံကို နားလည်ဖို့က
အာဖရိက Seregenti ဒေသကို ဥပမာပြုကြည့်မလားလို့
မမောနိုင် မပန်းနိုင် အမဲလိုက်မုဆိုးတွေ၊ သားကောင်တွေနဲ့ စောင့်ကြည့်နေကြသူတွေ၊
မွေးဖွားခြင်း သေဆုံးခြင်း. . . ခြင်း. . . ခြင်းတွေရဲ့ မျက်မြင်တွေနဲ့ သရုပ်ဆောင်တွေ. . .
မမောနိုင် မပန်းနိုင်တဲ့ အပြေးသမားတွေနဲ့ သေလောက်တဲ့ မုဆိုးတွေ။

**by Dobrica Kamperelić**

# သက်ရှိတွေရဲ့ လျှို့ဝှက်လှုပ်ရှားမှုအဖွဲ့အစည်း

ဇန်ဆောင်ပုဒ်တွေ

ငါတို့ဖြစ်ချင်တယ် ဒါပေမဲ့ မဖြစ်လာဘူး

လူတွေ အချင်းချင်းမုန်းကြတယ်
အဲဒါ သူတို့ကိုယ့်ကိုယ်ကိုယ်မုန်းတီးနေတာကို ဖုန်းကွယ်ဝှက်သိမ်းရုံသက်သက်ပဲ

ခင်ဗျားရဲ့ ဖြစ်တည်မှုကို ခင်ဗျား အရသာတွေ့(မွှေလျော်ပျော်မြူး)ရဲ့လား

ဒီမှာလေ သူတို့ သေဆုံးကုန်ကြပြီ
ဒါပေမဲ့ အခုထိတိုင် ပြန်ပြီး မွေးဖွားမလာကြသေးဘူး

ခင်ဗျားဘာသာ Home Sweet Home အဖြစ် ခံစားရရဲ့လား

ရှင်သန်နေထိုင်ဖို့ဆိုတာ ရဲဝံ့ဖို့ပါ

ငါတို့ ကစားနေတာ ရပ်လိုက်ကြတယ် (ကလေးတွေ)
ငါတို့ဘာသာ ချီးမြှောက်ဖို့ စတင်ကြတယ် (လူကြီးတွေ)
အခု. . . ငါတို့ ပင်ကိုအရည်အသွေးတွေ အားကောင်းပြီ

ငါတို့ ဘယ်လောက်ဆိုတာ မသိဘူး
ငါတို့ သိစရာလည်း မလိုပါဘူး

ငါ သေခြင်းတရားအကြောင်း မတွေးချင်ဘူး
သေခြင်းတရားကပဲ ငါ့အကြောင်းတွေးနေပါစေ

ကူးလူးဆက်သွယ်မှုကြားက အမှားတွေ
ငါထင်တယ် ခင်ဗျားတွေးတောနေတယ်
သူတွေးနေတာဟာ ခင်ဗျားတွေးနေတာပဲ
ငါတို့ကြားက ပွဲတင်ရိုက်ခတ်သံတစ်ခုလိုပဲပေါ့

ယဉ်ကျေးမှုတစ်ခုဟာ လူထုခေါင်းဆောင်တစ်ဦးလို ပေါ်ထွက်လာတယ်
စစ်ပွဲတွေကြားက ကြားပြတ်ကွက်လပ်မှာ

ငါတို့တစ်ဦးချင်းစီမှာ
ရတနာမြှုပ်သိမ်းထားတာ ရှိတယ်
ငါတို့ကိုယ်တိုင်ဆီမှာ တခြားသူတွေဆီမှာ ဘယ်လောက်များ ငါတို့ရှာတွေ့မလဲ
ချစ်ခြင်းမေတ္တာမြေပုံညွှန်းနောက် လိုက်ရှာရတော့မှာ

**by Dragoljub Jovicic**

# အကျယ်ချဲ့ခြင်း

စကြဝဠာကြီးထဲမှာ - နဂါးငွေ့တန်းလေး
နဂါးငွေ့တန်းထဲမှာ - ကြယ်စင်လင်းလက်လက်
ကြယ်စင်လင်းလက်လက်ဝန်းဝန်းဝိုင်းဝိုင်းလေးထဲမှာ - ဂြိုဟ်သိမ် ဂြိုဟ်ဝါ ဂြိုဟ်ပြာ
ဂြိုဟ်ပေါ်မှာတော့ - သမုဒ္ဒရာပေါ့
သမုဒ္ဒရာထဲမှာ - ကုန်းမြေ
ကုန်းမြေပေါ်မှာ - တောင်ကုန်းတွေ
တောင်ကုန်းတွေပေါ်မှာ - သစ်တော
သစ်တောထဲမှာ - ကန်ရေပြင်
ကန်ရေပြင်ပြာလဲ့လဲ့ထဲမှာ - ကျွန်းငယ်လေး
ကျွန်းလေးပေါ်မှာ - ငှက်လေးတွေရယ်
ငှက်လေးထဲမှာ - နှလုံးသားငယ်ငယ်
နှလုံးသားလေးထဲမှာ - ချစ်ခြင်းမေတ္တာ
အဲဒီချစ်ခြင်းမေတ္တာနဲ့ ငှက်ငယ်လေး ပျံသန်းသွားလိမ့်မယ်

**by Petar Šumski**

# ဒီည

ဒီည ဘာတွေဖြစ်လာမလဲ ငါ ဂရုမစိုက်တော့ဘူး
မင်းနဲ့ဆိုရင် နည်းလမ်းတိုင်းဟာ အကောင်းဆုံးပဲ
မင်းရော ငါပါ ဦးနှောက်ချင်းမဟုတ်ဘဲ နှလုံးသားချင်းအတူတူဖြစ်နေဖို့က
အရေးအကြီးဆုံးပဲ။
ပျော်ရွှင်မှုက လိုက်လံရှာဖွေသူအားလုံးနဲ့ လွဲချော်နေတယ်
ပျော်ရွှင်မှုအတွက် အလောသုံးဆယ်ဖြစ်နေရင် ဘာက ပျော်ရွှင်မှုလဲ လွဲတော့မှာပဲ
ကြွယ်ပိုးကြွယ်ဝရှိဖို့ လက်ဖွဲ့အဆောင်တွေ- အဲဒီမှာ ဘာမှ တောင်းခံယူလို့ မရနိုင်ဘူး။
ပျော်ရွှင်မှုက နှလုံးသားထဲမှာ မင်းရဲ့ နှလုံးသားပေါ့
မနက်ဖြန်ဆိုတာ အမြဲတမ်း စောင့်ဆိုင်းနေနိုင်ပါတယ်
ဒီနေ့အတွက် မနက်ဖြန်တွေ ထပ်လာဦးမှာပဲ
ကမ်းခြေကနေ မြစ်တစ်စင်းစီးဆင်းလူးလွန့်လာတာ ငါတို့စောင့်ကြည့်တယ်
အရာအားလုံးက ကျေနပ်ပြီးပြည့်စုံသွားမှာ ဒါပေမဲ့ ချစ်ခြင်းမေတ္တာကတော့
ဒီည ဘာတွေ ဖြစ်လာမလဲ ငါ ဂရုမစိုက်တော့ဘူး
မင်းနဲ့ဆိုရင် နည်းလမ်းတိုင်းဟာ အကောင်းဆုံးပဲ
မင်းရော ငါပါ ဦးနှောက်ချင်းမဟုတ်ဘဲ နှလုံးသားချင်းအတူတူ ဖြစ်နေဖို့က
အရေးအကြီးဆုံးပဲ။

**by Petar Šumski**

# ရပ်တည်မှု

အဲဒီမှာ လွတ်လပ်ခွင့်တစ်ခုတည်းပါ
ကြောက်ရွံ့မှုတိုင်းရဲ့ လွတ်လပ်ခွင့်တဲ့
အဲဒီမှာ ပျော်ရွှင်မှုတစ်ခုတည်းပဲ
ဖြည့်ဆည်းခြင်းနဲ့ အရှုံးပေးခြင်းရဲ့ ပျော်ရွှင်မှုပေါ့
အဲဒီမှာ ချစ်ခြင်းမေတ္တာတစ်ခုတည်းနဲ့
အဲဒီတစ်ခုက အရာအားလုံး ခွင့်လွှတ်ခြင်းနဲ့ လက်ခံခြင်းတဲ့
အဲဒီမှာ မှန်ကန်မှုတစ်ခုတည်းရယ်
အဲဒီတစ်ခုက ဆိတ်ငြိမ်ခြင်းထဲ ကြားသိနိုင်တာပေါ့

**by Petar Šumski**

# တကယ်လို့များ

တကယ်လို့များ ငါ့မှာ ဘုရားကျောင်းလေးတစ်ခုရှိခဲ့ရင်
အဲဒါသဘာဝတရား ဖြစ်လိမ့်မယ်
တကယ်လို့များ ငါ့မှာ ဆန္ဒတစ်ခုရှိခဲ့ရင်
အဲဒါဟာ လွတ်လပ်မှုဖြစ်မှာပဲ
တကယ်လို့များ ငါ့မှာ ပျော်ရွှင်မှုတစ်ခုရှိခဲ့ရင်
အဲဒါသီချင်းတစ်ပုဒ်ပေါ့
တကယ်လို့များ ငါ့မှာ အသိပညာရှိခဲ့ရင်
အဲဒါချစ်ခြင်းမေတ္တာ ဖြစ်နေမှာ
တကယ်လို့များ ငါ့မှာ ဆရာသခင်ရှိခဲ့ရင်
အဲဒါလွတ်မြောက်ရာပဲ
တကယ်လို့များ ငါ့မှာ တောင်းဆုတစ်ခုရှိခဲ့ရင်
အဲဒါဆိတ်ငြိမ်ခြင်းအတွက်ပါပဲ

**by Petar Šumski**

# ပျံသန်းလိုက်

နင့်ဆီကို
နင့်မျက်လုံးတွေ မှိတ်ပစ်လိုက်၊ ဆုတစ်ခုတောင်းကွာ ပြီးတော့ ပျံသန်းလိုက်
နင်အဲဒါကို လုပ်နိုင်တယ် ဘာကြောင့်လဲ
နိဗ္ဗာန်ဘုံက နင့်ကို အတောင်ပံတွေ ပေးခဲ့ပြီ
နင်ပဲ အိပ်ငိုက်နေပြီ၊ သတိရဖို့ လိုတယ်နော်
နင်ဟာ နိဗ္ဗာန်ဘုံရဲ့ ကလေးငယ်
နင့်ရဲ့ စစ်မှန်တဲ့ နှလုံးသားလေး ဖွင့်လှစ်ထားလိုက်
သစ်ရွက်အောက်က စေးစေးပွက်ပွက် ရွှံ့တွေ၊ တွယ်ရစ်နေတဲ့ အမြစ်တွေကို ငုံ့မကြည့်နဲ့
နင့်ရဲ့ အတောင်ပံတွေ လင်းလက်တောက်ပလာတဲ့အခါ
အရာရာပြောင်းလဲသွားတော့မှာ
နင့်ရဲ့ နှလုံးသားကို တလှုလှုလှုပ်ယမ်းပြီး
လူတိုင်းကို Goodbye လို့ ပြောပစ်လိုက်ပါ
အသိုက်ရဲ့ အစွန်းအဖျားအနားကနေ ပျံသန်းခြင်းခရီးစတော့မယ့်
ငှက်ငယ်လေးတစ်ကောင်လို
နိဗ္ဗာန်ဘုံမှာ နင့်ရဲ့ အတောင်ပံတွေနဲ့
ချစ်ခြင်းမေတ္တာအဝန်းအဝိုင်းပုံဖော်လှုပ်ခတ်ပစ်လိုက်တော့
ပြီးတော့
ဟိုးဝေးဝေးက ကြယ်တွေဆီ ပျံသန်းပစ်လိုက်တော့

**by Petar Šumski**

# ငါ့ကို မင်းရဲ့ ကြင်နာခြင်းထဲမှာ ရှာပါ

အသံဗလံ ဆူညံပွက်ပွက်လန်နေတဲ့ မင်းရဲ့ အိုးနင်းခွက်နင်းဘဝထဲ
ငါ မင်းကို ထားခဲ့တယ်လို့ ထင်တဲ့အခါ
သတိရလိုက်ပါ ငါချစ်တာ မင်းရဲ့ ဆိတ်ငြိမ်ခြင်းကိုပါ . . .

စွဲလမ်းမက်မောမှုတွေ၊ ပိုင်ဆိုင်လိုမှုတွေ၊ သံယောဇဉ်တွေ၊
နှောင်တွယ်တပ်မက်မှုတွေ၊ သစ္စာကြီးတဲ့ အဖြစ်တွေမှာ နွံနစ်နစ် ကျွန်ဖြစ်ရစ်
ငါ မင်းကို ထားပစ်ခဲ့တယ်လို့ ထင်တဲ့အခါ
သတိရလိုက်ပါ ငါချစ်တာ မင်းရဲ့ လွတ်လွတ်လပ်လပ် ရွေးချယ်မှုကိုပါ

ထာဝရအမှန်တရားတွေ မင်းကို မသိစေတာ ဘာကြောင့်လဲ
ငါ မင်းကို ပစ်ထားတယ်လို့ ထင်တဲ့အခါ
သတိရလိုက်ပါ ငါချစ်တာ မင်းဘဝရဲ့ အမှန်တရားကိုပါ

မင်းအကြီးအကျယ်ကျဆုံးခန်းရောက်နေတဲ့ အချိန်
မင်း ဝမ်းနည်းကြေကွဲနေတဲ့ အချိန်
ငါ မင်းကို မေ့ထားခဲ့တယ်လို့ ထင်တဲ့အခါ
သတိရလိုက်ပါ ငါချစ်တာ ပျော်ရွှင်မှုနဲ့ မင်းကိုပါ
ပြီးတော့ အဲဒါ မင်းရဲ့ စွမ်းအားမြှင့်တင်နေတာ

မင်းရဲ့ ဘဝမှာ/ မင်းထံပါးက နှလုံးသားတွေမှာ ချစ်ခြင်းမေတ္တာခေါင်းပါးနေချိန်
ငါ မင်းကို ထားရစ်ခဲ့တယ်လို့ ထင်တဲ့အခါ
သတိရလိုက်ပါ ငါချစ်တာ တခြားသူတွေအပေါ်ပေးခဲ့တဲ့
မင်းရဲ့ သနားကြင်နာတတ်မှုနဲ့ မင်းရဲ့ အချစ်ကိုပါ

နေရာအနှံ့က ရှုတ်ရှုတ်သဲသဲ ဝဲသြယထဲ ဘာကြောင့် မင်းကို ထားရစ်ခဲ့သလဲ
မင်းကျိန်ဆဲမိတဲ့အခါ
သတိရလိုက်ပါ ငါချစ်တာ မင်းနှလုံးသားက ထားရှိတဲ့ ကြင်နာခြင်းကိုပါ

အဖျက်အဆီး အပျက်အစီး အလိုလောဘ ဝဲကတော့ထဲ ဒီကမ္ဘာကြီးကို
စွန့်ပစ်ထားတယ်လို့ မင်းထင်တဲ့အခါ
ငါ့ကို ဘယ်မှာမှ ရှာမတွေ့ဘူးလို့ မင်းထင်တဲ့အခါ
သတိရလိုက်ပါ ငါရှိတဲ့ နေရာကို ရှာပါ
ဆိတ်ငြိမ်ခြင်း. . . လွတ်လပ်ခြင်း. . . အမှန်တရား. . . ပျော်ရွှင်မှု. . .
စွမ်းအားနဲ့ အလှတရားထဲမှာ
ကရုဏာ ချစ်ခြင်းမေတ္တာထဲမှာ
မင်းရဲ့ အလားအလာကောင်းတဲ့ ကြင်နာခြင်းထဲမှာ
ဘယ်အရာပဲဖြစ်ဖြစ်
မင်းကိုယ်တိုင်အတွင်းသားထဲမှာ ရှာရမှာ
စူးစိုက်ပါ အဲဒါ ငါ. . . မင်းရဲ့ အတွင်းသားထဲမှာ

**by Petar Šumski**

# ရှင်ဆိုရင်

ကျွန်မ ရှင့်ကို မေးပြီ
ရှင့်ရဲ့ နှလုံးသားဆီ ယန်စီမြစ်နဲ့ ဘရာမာပူထရာမြစ်တို့ စီးဆင်းသွားပြီလား

ကျွန်မ ရှင့်ကို မေးပြီ
သုခဘုံပိမ္မာန်ကျွန်းတွေပေါ်က အုန်းလက်ထန်းရွက်တွေ ဖန်ဆင်းထားသူလား

ကျွန်မ ရှင့်ကို မေးပြီ
ပန်းရောင်သွေး ကြိုးကြာငှက်ပေါက်လေးတွေ ရှင့်လက်ဖဝါးထဲမှာ
ပေါက်ဖွားဖူးတာ ဟုတ်လား

ကျွန်မ ရှင့်ကို မေးပြီ
ရှင်ဆိုရင်
ရိုစ့်မာရီအမွှေးနံ့သာတွေနဲ့ ကျွန်မကို သင်းပျံ့စေမှာလား

**by Vesna Baaij**

# ကြယ်စင်တွေရဲ့ မီးပန်းတွေ

ရှင့်ရဲ့ အချစ်မှာ စည်းမျဉ်းတွေ ရှိလား
မဟုတ်ရင် အဲဒါကျွန်မရင်ဘတ်ထဲ ပွက်ပွက်ဆူစေတဲ့
ကြယ်စင်တွေရဲ့ မီးရှူးမီးပန်းတွေလား

ကောင်းကင်ကြီးရဲ့ အလှဆုံးပုလဲသွယ် ကနုကမာမယ်
မျက်နှာရယ်လို့ ရှိသလား

ပြာလဲ့လဲ့လိပ်ပြာတောင်ပံတွေ တဖျပ်ဖျပ် ရိုက်ခတ်ဖို့
အဲဒီမှာ ကျွန်မနှလုံးသားက လုပ်ပိုင်ခွင့်ရှိရဲ့လား

**by Vesna Baaij**

# ကနုကမာလက်တွေ

ရှင့်ရဲ့ ကနုကမာလက်အစုံထဲ
ကျွန်မကိုယ်ခန္ဓာက ကျိုးပဲ့လို့
နံနက်ခင်းနှင်းပွင့်တွေရဲ့ နှုတ်ခမ်းအစုံက
ကျွန်မရဲ့ ပါးပြင်ကို တို့ထိလို့. . .

ဆမ်ဆွန်ရဲ့ ရင်းတိုက်သားမည်းနက်နက်ဆံသားတွေထဲက စကြဝဠာ
ကျွန်မလည်တစ်ဝိုက်မှာ ခုန်ပေါက်ရက်ဖွဲ့နေလိုက်တာ
ဆော်လမွန်ရဲ့ ကျောင်းဆောင်က ဇာလွှာလေးတွေလိုပဲ. . .

ကောင်းကင်ဘုံဟင်းလင်းပြင်က ယင်ဇပလ္လင်ဟာ
မွှေးရနံ့သင်းသင်းဝတ်ရုံထဲမှာ ဝဲလည်လှည့်နေလိုက်တာ
ပြီးတော့ ကျွန်မရဲ့ နှလုံးခုန်သံဆီကို စီးမျောကာ. . .

**by Vesna Baaij**

# လေညှင်းလေး

ရှင့်မျက်လုံးတွေရဲ့ ခပ်နက်နက်ပင်လယ်ထဲမှာ
ဝမ်းနည်းပူဆွေးမှုတွေနဲ့ ကျွန်မ ထာဝရစုန်းစုန်းမြုပ်နေပြီ

အချစ်လှေလေးတစ်စင်းပေါ်ကနေ
ပူဆွေးဝမ်းနည်းမှုတွေကနေ
ကျွန်မ ခုန်ထရွက်လွှင့်ပစ်လိုက်တယ်
ရှင့်အကြည့်တွေက လေညှင်းတွေလို ကျွန်မကို သယ်ယူသွားလိုက်ပြီ။

**by Vesna Baaij**

# အချိန်ဆိုတဲ့ နာရီချိန်သီး

ရှင့်ရဲ့ နာရီချိန်သီး ကျွန်မ ဖြစ်ပါရစေ
နာရီပေါ်က အချိန်တွေပေါ်မှာ. . .

ရှင့်အကြည့်တွေရဲ့ သက်တံလေး ကျွန်မ ဖြစ်ခွင့်ပြုပါ. . .

ရှင့်နှုတ်ခမ်းလွှာတွေပေါ်က ပထမဆုံးနှင်းတစ်ပွင့် ခိုတွယ်ခွင့် ကျွန်မ ရရှိပါရစေ. . .

**by Vesna Baaij**

# ဝတ်ရည်ဝိုင်

ကောင်းကင်ပေါ် ဝိုင်ဝတ်ရည် သွန်းလောင်းလိုက်တော့
ညဟာ ကနုကမာရောင်သွေးတွေ ပြေးနေတဲ့ နေ့ကို တွေ့မြင်ရဖို့
အလောတကြီးဖြစ်တယ်။
ကျွန်မအချစ်က မိုးကုပ်စက်ဝိုင်းတွေကို ဖွင့်စေတဲ့
စပျစ်ရည်ဖလားထဲ ပြည့်လျှံကျသွားတယ်။
သိစိတ်ဟာ တမ်းတယစ်မူးနေလိုက်တာ
သက်တံတစ်စင်း နောက်ထပ်တစ်ကြိမ် ပြန်ပြီး ပေါ်ထွက်လာသလိုမျိုးပဲ။

**by Vesna Baaij**

# ဟိုက္ကူ

အချိန်အဆောက်အအုံထဲမှာ
ကိုယ်တိုင်ပက်ပင်းကြုံလိုက်တဲ့အခါ
ကျွန်မ ပုံပန်းသဏ္ဍာန်ကို မှတ်မိလိုက်ပြီ

ဖန်တီးမှုရဲ့ သင်္ကေတဝှက်ဂဏန်းတွေ
မိုးသောက်ဝေလီဝေလင်းမှာ လင်းပိုင်တွေ ဖန်တီးမှုဝှက်ဂဏန်းတွေ သိရှိသွားတယ်

ကြယ်တွေ ကြွကြွရွရွလင်းလက်နေတဲ့ ည
ကျောက်တုံးပေါ်မှာ ခတ်နှိပ်ခဲ့ပြီး
တခြားကမ်းခြေဆီ

လူသားရဲ့ စစ်မှန်တဲ့ ပုံရိပ်
အချုပ်အချယ်ကင်းကင်း ယိုယွင်းပျက်စီး
မြူတွေ ရုပ်သိမ်းဆုတ်ခွာ

ကြယ်တွေ ပြည့်နေတဲ့ ပြတင်းချပ်
ဘိုးဘေးတွေရဲ့ သတင်းစကားတွေ
မီးနဂါးတဲ့

ဘာဆိုဘာမှ မရှိခြင်းထဲ
သက်တံပေါ်ပေါက်လာတော့
မျက်လုံးတွေ မျက်ခြည်မပြတ် တကြည့်ကြည့်လုပ်နေကြ

ဇာပါးလွှာလွှာလေးနဲ့ စကားအချီအချ
ပေါ့ပလာပင်ရဲ့ ပင်စည်တွေ
နွေညထဲမှာ

ကြယ်တွေ ပေါ်ထွက်
သက်ရှိတွေ တဖွားဖွား ပွားများသလိုမျိုးပဲ
ဂန္ဓမာပန်းပွဲတော်

ကျွန်မ မျက်နှာပြင်အားလုံး
နှင်းမုန်တိုင်းက ပွတ်တိုက်ဖြတ်ပြေးလို့

**by Gordana Petković**

## တိုးတက်မှုအဆင့်ဆင့်

ငါက ဘယ်သူမှ မဟုတ်ဘူးလို့ ထင်ခဲ့လို့
တစ်စုံတစ်ဦးဖြစ်ဖို့ ကြိုးစားနေတယ်
အခု ငါသိပြီ
ငါဟာ တစ်ဦးတစ်ယောက်ပေါ့
အားလုံးနဲ့ တစ်သွေးတစ်သားတည်း အားလုံးပဲ

**by Milan Živković**

# နံရံပေါ်က မြေဖြူအမှတ်အသားတွေ

ဒီအခွင့်အခါမျိုးမှာ ကိုယ်ပြောမယ်
ဖျော့တော့မှေးမှိန်လူသူမသိလှတဲ့ အရာတစ်ခု
ပထမ - ဥပမာတစ်ခုပြသင့်တယ်ထင်တာပဲ
ကိုယ်မြေဖြူတစ်ချောင်းရခဲ့ပြီဆိုပါစို့
ပြီးတော့ နံရံတစ်ချပ်ဘေးမှာ ဆန့်ဆန့်မတ်မတ်ရပ်လို့
(နံရံက ချောမွေ့ပြီး မြင့်မားနေတယ်)

ပြီးတော့ အဲဒီနံရံနဲ့ အစပျိုးတော့မယ်
ပြီးရင် အဲဒီပေါ်က အမြင့်ဆုံးနေရာလေးမှာ ထိုင်ချင်တယ်
ကိုယ်မြေကြီးပေါ်ကနေ တော်တော်လေးမြင့်အောင် ကြိုးစားခုန်တယ်
ထိပ်ဆုံးကို ရောက်ချင်လို့ ထိုင်ချင်နေတယ်
ပြုတ်ကျခဲ့ရင်
ကိုယ်မြေဖြူကို သုံးမယ် အမှတ်အသားရေးခြစ်လိုက်မယ်

ပြုတ်ကျခဲ့ပြန်ပြီ အမှတ်အသားလေးက ရှိနေတုန်းမှာ
အရင်ရောက်ခဲ့ဖူးတဲ့ အမှတ်ထက် အမြင့်မှာ အမှတ်အသားတစ်ခု
ကိုယ်အမြင့်ဆုံးကို ရောက်ဖို့ ပိုပိုပြီး ခုန်ရမှာပဲ
မြေပေါ်ကို နောက်ထပ်တစ်ခါ ပြုတ်ကျ
ကိုယ်ဟာ ထပ်ပြီး ခုန်တက်
နံရံပေါ် ကိုယ်ရေးခဲ့တဲ့ အမှတ်အသားလေးတွေ အားလုံးက
ကိုယ့်ကို ဦးဆောင်နေလို့
ကိုယ်လိုတဲ့ ခရီးပေါက်ဖို့ ရှေ့ကို လျှောက်ဖို့

**by Milan Živković**

# ဟိုက္ကူ

နံနက်ခင်းပါ နေမင်းကြီး
ငါက နှာချေဆတ်ပြီး ဆိတ်ငြိမ်မှုကို ဖျက်ဆီးလိုက်တယ်

အဖြူရောင်အသွေးက ငါ့ကိုယ်ပေါ်မှာ ကြည့်ကောင်းတယ်လို့
ကြယ်ပြောက်ပြောက်ကျားကျားနဲ့ အလှဆင်နေတဲ့ ကောင်းကင်က
သူ့ဘာသာပြောတယ်

နာကျင်မှုတွေကို ဖန်တီးနေတယ်လို့
စူးစူးရှရှတောက်ပနေတဲ့ ကြယ်က ပြောတယ် ပြီးတော့ ပေါက်ကွဲသွားခဲ့ရော

ခေါင်မိုးထိပ်လေးမှာ လက ထိုင်တယ်
အဲဒါအိပ်မက်မက်တာ

ဟိုးရှေးရှေးက ဝက်သစ်ချပင်ဟာ
ငါ့ရဲ့ ဂုဏ်ပြုမှုပါ

**by Tamara Lujak**

# ဟိုက္ကူ

လမ်းညွှန်အမှတ်အသားအပေါ်
ဉာဏ်စမ်းပဟေဠိတစ်ခုရဲ့ ပထမဆုံးစကားလုံးဟာ အချိန်အားဖြင့် ရေးသားတာပါ

ဖန်တီးသူဟာ နဂါးတွေဆီကို ပထမဆုံးနေလုံးကြီးငုပ်လျှိုးသွားမှုရဲ့ ပလ္လင်ကို
ဖန်တီးပုံဖော်ပေးတယ်

သီကုံးသွယ်တန်းထားတဲ့ အချိန်ထဲမှာ ပပ်ကြားအက်အက်တစ်ခု
တံပိုးတစ်ခုရဲ့ အသံ

ပထမဆုံးနံနက်ခင်း
ရှေးဟောင်းလူတွေရဲ့ လှေသင်္ဘောတွေဟာ ဆိုက်ကပ်နေကြတယ်

သူတို့က အရုဏ်ဦးနတ်သမီးလေးရဲ့ အကနဲ့အတူ လက်မလွှတ်တမ်း ကျန်ရစ်တယ်
-အရုဏ်ဦးရဲ့ တမန်တွေပေါ့

**by Vid Vukasović**

# ဟိုက္ကူ

မိုးသောက်အရုဏ်တက် စိုစွတ်တဲ့ အချိန်လေး
နေဟာ သစ်ရွက်တွေနဲ့ ပန်းရနံ့တွေကြားထဲ ချွတ်နင်းလျှောဆင်းတယ်

မြက်သားရွက်ချွန်းချွန်းလေးတွေပေါ်မှာ ခရုလမ်းကြောင်းဟာ
ရောင်ပြန်ဟပ်နေတယ်
- နေရောင်နောက်ခံဝန်းကျင်လေးပေါ့

ဖြူလွလွပွင့်ချပ်လေးတွေဟာ ပြာလဲ့လဲ့ကောင်းကင်မှာ ရွက်လွှင့်နေကြတယ်
- ငြိမ်းအေးလှတဲ့ ရေကန်တစ်ခုပဲ

နွေဦးမြက်ခင်းလေးထဲ အသွေးအရောင်တွေ ဝေဆာမြိုင်ဆိုင်နေကြတယ်
-လိပ်ပြာတွေ အောင်ပွဲခံနေကြသလိုမျိုး

အကွယ်အကာမဲ့နေတဲ့ ချောက်ကမ်းပါးမှာ အထီးတည်းဖြစ်နေတဲ့ ထင်းရှူးပင်ဟာ
တိမ်တစ်စကို ဆုပ်ကိုင်ယူတယ်

သစ်ရွက်တွေပေါ်က နှင်းစက်လေးတစ်စက်မှာ
ကောင်းကင်သေးသေးလေးတွေအများကြီးပဲ
ဆိတ်က သစ်ရွက်ကို စားနေရတယ်

**by Sonja Mladenović**